

HUMAN
RIGHTS
WATCH

# "ငါတို့ကို ကလေးတစ်ယောက်ပေးရင် မင်းကိုလွှတ်ပေးမယ်"

"သတို့သမီးများ" အား မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ လူကုန်ကူးခြင်း

HUMAN RIGHTS WATCH

# “ငါတို့ကို ကလေးတစ်ယောက်မွေးပေးရင် မင်းကိုလွှတ်ပေးမယ်”

## ကချင်အမျိုးသမီးများအား “ဇနီးမယားများ” အဖြစ်ရောင်းစားရန် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ လူကုန်ကူးခြင်း

# အကျဉ်းချုပ်

ဆိုင်းမွန်၏မိဘများသည် ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်တွင် ဖြစ်ပွားသည့် တိုက်ပွဲများမှထွက်ပြေးရင်း ပြည်တွင်း စစ်ဘေးရှောင်ဒုက္ခသည် စခန်း IDP တစ်ခုတွင် ရုန်းကန်ရှင်သန်ခဲ့ရသည်။ ၂၀၁၄ ခုနှစ် ဆိုင်းမွန် အသက် ၁၆ နှစ်အရွယ်၊ ပဥ္စမတန်းတွင် ပညာသင်ကြားစဉ်က ယောက်မဖြစ်သူက တရုတ်နိုင်ငံဘက်ခြမ်း ယူနန်ပြည်နယ်တွင် ထမင်းချက်အလုပ်တစ်ခုရှိသည့်အကြောင်း သူ သိသည်ဟုပြော၏။ ဆိုင်းမွန်အနေဖြင့် မသွားချင်သော်လည်း ပေးမည်ဆိုသည့်လုပ်ခမှာ IDP စခန်းတွင် နေထိုင်လုပ်ကိုင်၍ ရနိုင်မည့်လုပ်ခထက် များစွာပိုသောကြောင့် သူမ့်မိသားစုက ဤအခွင့်အရေးကို လက်မလွှတ်သင့်ဟု ဆုံးဖြတ်ခဲ့ကြသည်။

ကားထဲတွင် ကားမမူးရန်ဟုဆိုကာ ဆိုင်းမွန်၏ယောက်မက သူမ့်အား တစ်စုံတစ်ခုတိုက်လိုက်၏။ ဆိုင်းမွန်လည်း ချက်ချင်းအိပ်ပျော်သွားလေသည်။ "နိုးလာတော့ လက်တွေကို နောက်ပြန်ကြိုးတုပ်ထားတယ်၊ ကျွန်မလည်း ငိုပြီး အော်ခေါ် ပြီး အကူအညီတောင်းတာပေါ့" ဟုပြော၏။ ၎င်းအချိန်တွင် ဆိုင်းမွန်မှာ တရုတ်ပြည်တွင်ရောက်နေပြီး သူမ့်ယောက်မက သူမ့်ကို တရုတ်မိသားစုတစ်စုနှင့် ထားခဲ့ခြင်းဖြစ်သည်။ လအချို့ကြာသောအခါ ယောက်မဖြစ်သူပြန်ရောက်လာကာ သူမ့်အား "နင်အခု တရုတ်တစ်ယောက်နဲ့ယူရမယ်" ဟုပြောပြီး အခြားအိမ်တစ်အိမ်သို့ ခေါ်သွား၏။ ဆိုင်းမွန်ပြောပြသည်မှာ-

> ကျွန်မယောက်မက အဲဒီအိမ်မှာထားခဲ့တယ်။ ...မိသားစုက ကျွန်မကို အခန်းတစ်ခန်းထဲခေါ်သွားတယ်။ အဲဒီအခန်းထဲမှာ ကျွန်မကို ထပ်ပြီး ကြိုးနဲ့တုပ်ထားကြပြန်တယ်။ ...တံခါးကိုသော့ခတ်လိုက်တယ်—တစ်လ၊ နှစ်လလောက်။... တရုတ်က ကျွန်မကို အစာယူလာတိုင်း မုဒိမ်းကျင့်တယ်။ ...နှစ်လကြာပြီးတော့ သူတို့ ကျွန်မကို အခန်းထဲကနေ ဆွဲထုတ်သွားကြတယ်။ အဲဒီတရုတ်ရဲ့အဖေက "ဒီမှာ နင့်ယောက်ျား အခုနင်တို့က အိမ်ထောင်ပြုလိုက်ကြပြီ။ တစ်ယောက်နဲ့တစ်ယောက် ကောင်းကောင်းမွန်မွန် ဆက်ဆံပြီး ပျော်စရာကောင်းတဲ့ မိသားတစ်စု ဖြစ်အောင်နေကြ" လို့ပြောတယ်။

သူ၏ "အမျိုးသား" ဖြစ်သူက သူမ့်အပေါ် ဆက်လက် ကျူးလွန်၏။ ခုနစ်လကြာသော် ဆိုင်းမွန်တွင် ကိုယ်ဝန်ရှိသွားလေသည်။ ကလေးမှာ သားယောက်ျားလေးဖြစ်၏။ ထိုကလေးမွေးပြီးနောက်

အိမ်ပြန်ခွင့်တောင်းသောအခါ အမျိုးသားဖြစ်သူက “နင့်ကို ဘယ်သူမှ တားမှာမဟုတ်ဘူး။ အိမ်ပြန်ချင်ရင် ပြန်လို့ရတယ်။ ဒါပေမဲ့ ငါ့ကလေးတော့ခေါ်သွားလို့မရဘူး” ဟု ပြန်ပြော၏။

ဆိုင်းမွန်က သူ့သားနှင့်အတူထွက်ပြေးလို၏။ တရုတ်ပြည်သို့လူကုန်ကူးခံရပြီးနောက် နှစ်နှစ်ကျော်ကျော်ကြာသောအခါ ဈေးထဲတွင် ကချင်အမျိုးသမီးတစ်ဦးနှင့်တွေ့ပြီး ထိုအမျိုးသမီးက သူ မြန်မာနိုင်ငံသို့ ပြန်နိုင်ရန် ယွမ် ၁၀၀၀ (အမေရိကန် ၁၅၉ ဒေါ်လာ) ပေး၍ ကူညီခဲ့၏။ နောက်ပိုင်းတွင် တရုတ်အမျိုးသမီးတစ်ဦးက သူ နယ်စပ်ဖြတ်ကျော်ရန် ကူညီခဲ့၏။ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က ဆိုင်းမွန်ကို တွေ့ဆုံမေးမြန်းသည့်အခါ သူသည် IDP စခန်းသို့ပြန်ရောက်၍ ပုန်းရှောင်လျက်ရှိသည်။ “အဲဒီတရုတ်မိသားစု ကျွန်မကို ရှာဖို့ကြိုးစားမှာ ကြောက်တယ်” ဟုပြော၏။

ဆိုင်းမွန်၏ဇာတ်လမ်းသည် ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သော လူကုန်ကူးခံရမှုမှ လွတ်မြောက်လာခဲ့ သော ၃၇ ဦး အနက်မှ စံအဖြစ်ထုတ်နုတ်ပြသခြင်းဖြစ်သည်။ သူ့ဇာတ်လမ်းအတွက် အထူးခြားဆုံးမှာ ကလေးနှင့်အတူ လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။ လွတ်မြောက်လာသည့် အခြားသူအများအပြားမှာ ၎င်းတို့၏ကလေးများကို မထားချင်ဘဲထားခဲ့ကြရ၏။ ကျွန်ုပ်တို့ တွေ့ဆုံမေးမြန်းခဲ့သည့် ပြန်လွတ်မြောက် လာခဲ့သူအားလုံးမှာ မြန်မာနိုင်ငံ၊ ကချင်ပြည်နယ် သို့မဟုတ် ရှမ်းပြည်နယ် မြောက်ပိုင်းမှဖြစ်ပြီး ၎င်းအရပ်များသို့ ပြန်သွားနိုင်ခဲ့ကြသည်။ အများစုမှာ ထိုဒေသတွင် မြန်မာအစိုးရတပ်များနှင့် ကချင် လွတ်မြောက်ရေး အဖွဲ့အစည်း (KIO) ၊ ၎င်း၏ လက်နက်ကိုင်အဖွဲ့ဖြစ်သော ကချင် လွတ်မြောက်ရေးတပ်မတော် (KIA) တို့အကြား တိုက်ပွဲ၏သက်ရောက်မှုခံရသော မိသားစုများမှ ဖြစ်သည်။ ၎င်းပဋိပက္ခမှာ ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ လွတ်လပ်ရေးရသည့်ကာလမှ စတင်ခဲ့သော်လည်း ၂၀၁၁ ခုနှစ်တွင် ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲရေးအဆုံးတွင် ရန်လိုမှုများ တရှိန်ထိုးတိုးပွားလာမှုကြောင့် ကချင်နှင့် အခြားတိုင်းရင်းသားလူနည်းစု တစ်သိန်းကျော် နေရပ်စွန့်ခွာပြေးခဲ့ရသည်။

ထိုပဋိပက္ခကြောင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ များစွာသောပြည်သူများမှာ အသက်ရှင်နေထိုင်ရေးအတွက် ရုန်းကန်နေကြရသည်။ အထူးသဖြင့် KIO ထိန်းချုပ်ထားသည့်နယ်မြေဒေသတွင် လူသားချင်းစာနာမှုအထောက်အပံ့များကို မြန်မာ အစိုးရက များသောအားဖြင့် ပိတ်ပင်ထားခဲ့သည့်အတွက် ၎င်းတို့၏စိတ်ပျက်စရာအခြေအနေမှာ ပို၍ဆိုးရွားနေခြင်းဖြစ်သည်။ စခန်းများတွင် နေထိုင်ကြသော နေရပ်စွန့်ခွာခဲ့ရသူများမှာ အစားအစာရရှိသော်လည်း ဗိုက်ဝသည်အထိ စားစရာ လုံလောက်မှု မရှိဖြစ်တတ်သည်။ သာဓက ပြရလျှင်

စခန်းအုပ်ချုပ်ရေးမှူးတစ်ဦး၏ ရှင်းပြချက်အရ မိသားစုများသည် ၄၅ ရက်ကြာတိုင်း မိသားစုဝင်တစ်ဦးလျှင် တစ်ရက် ဆန်နှစ်ဘူးနှုန်းနှင့် ဆီ၊ ဆား၊ ပဲနှင့် အခြားအစားအစာများကဲ့သို့သော ၄၅ ရက်စာ အခြားကုန်ကျစရိတ်အားလုံးအတွက် ခြောက်ဒေါ်လာခန့် (နှင့်ညီမျှသောငွေ) ပေးကြောင်း သိရသည်။ ဒုက္ခသည်စခန်းများ၏ ပြင်ပမှ လူတို့သည်လည်း အလုပ်အကိုင်အခွင့်အလမ်းကင်းမဲ့မှု၊ လုပ်ခနည်းခြင်း၊ ပညာသင်ကြားရေး အတွက် အတားအဆီးများ၊ ဆယ်စုနှစ်များစွာကြာသော ပဋိပက္ခ၏အကျိုးဆက်အနေဖြင့် ကြီးစွာသော စီးပွားရေးနှင့် လူမှုရေး ထိခိုက်မှုများကို ရုန်းကန်၍ရင်ဆိုင်နေကြရသည်။

အမျိုးသားများသည် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်နေသောကြောင့် အမျိုးသမီးများအနေဖြင့် ၎င်းတို့၏မိသားစုများအတွက် တစ်ဦးတည်းသောဝင်ငွေရှာသူများ ဖြစ်သွားလေ့ရှိကြသည်။ ၎င်းတို့၏မိသားစုများကို ပံ့ပိုးရန် အရေးတကြီးလိုအပ်နေသော်လည်း ထိုသို့ ပံ့ပိုးနိုင်ရန် အခွင့်အလမ်းနည်းပါးသည့်အတွက် အများအပြားမှာ တရုတ်ပြည်၌အလုပ်ရှာရန်မှလွဲ၍ အခြားနည်းလမ်းမရှိဟု ခံစားကြရသည်။ တရုတ်ပြည်တွင် တရားမဝင်လုပ်ကိုင်သည်ဆိုသော်လည်း ရသည့်လုပ်ခက မြန်မာမှာထက် ပိုများပြီး အလုပ်အကိုင်လည်း ပေါများစွာရှိနေသည်။ နယ်စပ်မှာ အနီးအနားတွင်ရှိနေပြီး ခရီးသွားစာရွက်စာတမ်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အလွယ်တကူဖြတ်သွားနိုင်နေသည်။

လူကုန်ကူးသူများသည် ၎င်းတို့၏ဆိုးရွားသောအခြေအနေအပေါ် အမြတ်ထုတ်ကြ၏။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တရုတ်ပြည်၌အလုပ်လုပ်ရန် တရားဝင် အလုပ်ခေါ်ယူရေးစနစ်မရှိသော်လည်း မိတ်ဆွေများ၊ အိမ်နီးချင်းများ၊ အသိများနှင့်  ဆွေမျိုးများစသည့် အချိတ်အဆက်များရှိပြီး ၎င်းတို့က အမျိုးသမီးများနှင့် မိန်းကလေးများကို နယ်စပ်အခြားတစ်ဘက်တွင် အတော်အတန် အကျိုးအမြတ်များသော အလုပ်အကိုင်များ ကမ်းလှမ်းကြသည်။ ဤအလုပ်များအနက် အချို့မှာ စစ်မှန်သော်လည်း မကြာခဏဆိုသလိုပင် ၎င်းတို့မှာ အမျိုးသမီးများနှင့် မိန်းကလေးများကို “ဇနီးမယားများ” ဟုခေါင်းစဉ်တပ်ပြီး လိင်ကျွန်များဘဝသို့ ရောင်းချရန်စီစဉ်နေသော လူကုန်ကူးသူများ၏ ဖြားယောင်းသွေးဆောင်မှုများ ဖြစ်ကြသည်။

နယ်စပ်၏အခြားတစ်ဖက်တွင် အမျိုးသမီးများ ရှားပါးနေ၏။ တရုတ်နိုင်ငံ၏အမျိုးသမီးလူဦးရေ ရာခိုင်နှုန်းသည် ၁၉၈၇ နှစ်မှစ၍ နှစ်စဉ် ကျဆင်းလာခဲ့သည်။ အသက် ၁၅ နှစ်မှ ၂၉ နှစ်အကြား အမျိုးသားနှင့်အမျိုးသမီး လူဦးရေကွာခြားမှုတိုးပွားနေကာ ဆက်လက် မြင့်မားလာလျက်ရှိ၏။

တရုတ်နိုင်ငံတွင် လူ့လောကသို့ ရောက်လာသင့်ပါလျက် "ပျောက်ဆုံးနေသော အမျိုးသမီးများ" သန်းသုံးဆယ်မှ သန်းလေးဆယ်အထိရှိကြောင်း သုတေသီများက ခန့်မှန်းကြ၏။ ထိုသို့ပျောက်ဆုံးနေခြင်းမှာ မိန်းကလေးမုန်းသိသဖြင့် သန္ဓေသားဖျက်ချမှု၊ ကလေးငယ် ဘဝမှာပင် သတ်ဖြတ်မှု၊ ကလေးမွေးပြီးနောက် စွန့်ပစ်မှုနှင့် (အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အပံ့ပေးရာတွင် မိန်းကလေးများအား လျစ်လျူရှုထားစေသည့်) ယောကျ်ားကလေးများကို ပို၍နှစ်သက်မှု စသည့် အကြောင်းရင်းများကြောင့် ဖြစ်ပြီး ဤအကြောင်းရင်း အများအပြားမှာ ၁၉၇၉ ခုနှစ်မှ ၂၀၁၅ အထိ တရုတ်နိုင်ငံတွင် ကျင့်သုံးခဲ့သော "တစ်အိမ်ထောင် ကလေးတစ်ယောက် မူဝါဒ"နှင့် အမျိုးသမီးများ၏ မျိုးပွားမှုဆိုင်ရာရပိုင်ခွင့်များအပေါ် တရုတ်နိုင်ငံ၏ဆက်လက်ကန့်သတ်မှုများကြောင့် ပို၍ဆိုးရွားလာခဲ့သည်။

အမျိုးသားအမျိုးသမီး မညီမျှမှုကြောင့် တရုတ်အမျိုးသားများစွာမှာ ဇနီးမဲ့ဖြစ်နေကြသည်။ သက္ကရာဇ် ၂၀၃၀ တွင် အသက် ၃၀ ကျော်၊ ၄၀ နီးပါးရှိ တရုတ်အမျိုးသားများ၏ ၂၅ ရာခိုင်နှုန်းသည် အိမ်ထောင်ကျရဦးမည်မဟုတ်ဟု တွက်ချက်ခန့်မှန်းထားကြသည်။ အချို့မိသားစုများသည် မြန်မာနိုင်ငံမှ လူကုန်ကူးခံရသည့်အမျိုးသမီးများကို ဝယ်ယူရန် လိုလိုလားလားရှိနေကြပြီး လူကုန်ကူးသူများမှ ဤသည်ကို စိတ်အားထက်သန်စွာ အခွင့်ကောင်းယူနေကြသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဇနီးမယားများအဖြစ် ရောင်းချရန် လူကုန်ကူးခံနေရသည့် အမျိုးသမီးများနှင့် မိန်းကလေးများဦးရေကို ခန့်မှန်းရန် ခက်ခဲသည်။ ၂၀၁၇ ခုနှစ်တွင် အမျိုးသမီး ၂၂၆ ဦး တရုတ်နိုင်ငံသို့ လူကုန်ကူးခံရကြောင်း လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များက ပေးခဲ့သည့် အချက်အလက်များကို ကိုးကားပြီး မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က ပြောသည်။ မြန်မာနိုင်ငံ လူမှုဖူလုံရေးဦးစီးဌာနသည် နှစ်စဉ် တရုတ်ပြည်မှပြန်လည်ရောက်ရှိလာသော လူကုန်ကူးခံရသည့်အမျိုးသမီး အယောက် ၁၀၀ နှင့် ၂၀၀ အကြားကို ကူညီထောက်ပံ့မှုပေးသည်။

သို့ရာတွင် ဤကိန်းဂဏန်းများသည် အမှုစုစုပေါင်း၏ သေးငယ်သောအစိတ်အပိုင်းတစ်ရပ်ကိုသာ ကိုယ်စားပြုခြင်းဖြစ်နိုင်သည်။ နယ်စပ်၏ မည်သည့်ဘက်တွင်မျှ စုစုပေါင်းအရေအတွက်နှင့်ပတ်သက်၍ စိတ်ချရသည့်စာရင်းအင်းများ မရှိပေ။ ပျောက်ဆုံးနေသော အမျိုးသမီးအများအပြားကိစ္စကို မည်သည့်အခါမျှ မတိုင်ကြားကြသလို လူကုန်ကူးခံရသည့် အမျိုးသမီးများနှင့် မိန်းကလေးများကို မည်သည့် အခါမျှ ပြန်တွေ့ကြခြင်းမရှိသည့်အပြင် ထွက်ပြေးလွတ်မြောက်ခဲ့သည့် အမျိုးသမီးများနှင့် မိန်းကလေးများသည် ပတ်ဝန်းကျင်၏ ဆန့်ကျင်ရှုတ်ချမှုဒဏ်ကို ကြောက်သည့်အတွက် ၎င်းတို့၏အတွေ့အကြုံကို လျှို့ဝှက်ထားနိုင်သဖြင့် တိကျမှန်ကန်သည့် စာရင်းအင်းများကောက်ခံရန်မှာ

ခက်ခဲမည် ဖြစ်သည်။ ဥပဒေအတိုင်း အတိအကျ လိုက်နာဆောင်ရွက်မှု ကင်းမဲ့ခြင်း၊ ပြန်လည်လွတ်မြောက်လာခဲ့သူများအတွက် ဝန်ဆောင်မှုများကင်းမဲ့ခြင်း တို့ကြောင့် ပွင့်လင်းစွာထုတ်ပြောလာစေရေးတွင် အဟန့်အတားဖြစ်နေသည်။ လူကုန်ကူးခံခဲ့ရသူများနှင့် မိသားစုများအနေဖြင့် အကူအညီ တောင်းခံသည့်အခါမှာပင်လျှင် တရုတ်ပြည်ဘက်ခြမ်းဖြစ်ဖြစ်၊ မြန်မာနိုင်ငံမှ ဖြစ်ဖြစ် တိုင်ကြားမှုများကို မည်သည့်အဖွဲ့အစည်းက စနစ်တကျ စာရင်းပြုစုနေသည်ဆိုသည်မှာ မရှင်းပေ။

ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သည့် လူကုန်ကူးမှုခံခဲ့ရသူများမှာ အမေရိကန် ဒေါ်လာ ၃၀၀၀ နှင့် ၁၃၀၀၀ အကြား ညီမျှသည့် ငွေပမာဏဖြင့် ရောင်းချခံခဲ့ရခြင်းဖြစ်သည်။ ၎င်းတို့ကို အခါအားလျော်စွာ ဝယ်ခဲ့သောမိသားစုများ အနေဖြင့် ယင်းပေးချေငွေမှာ လိုလိုလားလားနှင့်လိုက်လာသော ဇနီးမယားအတွက် သတို့သားဘက်က တင်တောင်းကြေးငွေအဖြစ် ထင်နေကြပုံရသော်လည်း များစွာသောမိသားစုတို့ကမူ ၎င်းတို့လူကုန်ကူးမှုတွင် ပါဝင်နေကြောင်း သိသည်မှာ ထင်ရှား၏။ နောင်မှ ရုတ်တရက်သိလိုက်ရသူများပင်လျှင် ၎င်းတို့ဝယ်ယူခဲ့သော အမျိုးသမီး သို့မဟုတ် မိန်းကလေးအား ပြန်လွှတ်ပေးခဲ၏။

လူကုန်ကူးသူများသည် အမျိုးသမီးများအား လိမ်လည်လှည့်ဖြား၍ လိင်ပိုင်းဆိုင်ရာကျွန်ပြုမှုအတွင်းပို့ခဲ့၏။ ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သည့် အမျိုးသမီးနှင့် မိန်းကလေးအများစုမှာ ၎င်းတို့သိ၍ယုံကြည်စိတ်ချသူတစ်စုံတစ်ဦးက စုဆောင်းခဲ့ခြင်းဖြစ်၏။ တွေ့ဆုံမေးမြန်းခဲ့သောသူ လူကုန်ကူးမှု သားကောင် ၃၇ ဦးအနက် ၁၅ ဦးမှာ မိတ်ဆွေများက စုဆောင်းခြင်းကိုခံခဲ့ရပြီး ၁၂ ဦးမှာ မျက်နှာသိတစ်ဦးမှ စုဆောင်းခြင်းကို ခံခဲ့ရကြောင်း ပြော၏။ အမျိုးသမီးတစ်ဦးမှာ ၎င်း၏ကျမ်းစာကျောင်းမှ မိတ်ဆွေတစ်ဦး၏ရောင်းစားခြင်းကို ခံခဲ့ရသည်။ နောက်တစ်ဦးမှာ သူသိသော အသက် ၁၃ နှစ်အရွယ် မိန်းကလေးတစ်ဦး၏ စုဆောင်းခြင်းကို ခံရသည်။ နောက် ၆ ဦးမှာ ၎င်းတို့ ကိုယ်တိုင်၏ ဆွေမျိုးများ၏ စုဆောင်းခြင်းနှင့် ရောင်းစားခြင်းကိုခံခဲ့ရသည်။

အချို့အမျိုးသမီးများနှင့် မိန်းကလေးများက ၎င်းတို့သည်လမ်းခရီးတွင်ဆေးခတ်ခံရပြီး သော့ခတ်ထားသော အခန်းတစ်ခန်းတွင် နိုးလာခဲ့သည်ဟု ပြောသည်။ အခြားသူများကိုမူ နယ်စပ်ကျော်ပြီးနောက် ၎င်းတို့ကိုကတိပေးခဲ့သည့်အလုပ် မရှိတော့ကြောင်း၊ သို့သော် ရက်အနည်းငယ် ခရီးဝေးသည့်နေရာ၌ နောက်အလုပ်တစ်ခုရှိကြောင်း ပြောခဲ့ကြ၏။ ဘာသာစကားအခက်အခဲကြောင့် ဆက်သွယ်ပြောဆိုနိုင်ခြင်း မရှိဘဲ၊ အိမ်ပြန်ရန် ပိုက်ဆံလည်းမရှိသောကြောင့် အမျိုးသမီးနှင့် မိန်းကလေးများစွာတို့သည်

တိုး၍စိတ်မသက်မသာ ဖြစ်လာနေသော်လည်း အခြားလုပ်ကိုင်စရာမရှိသဖြင့် ၎င်းတို့ကိုလိုက်ပို့သူနှင့် နေကြရ၏။

၎င်းတို့ကိုဝယ်ယူသူများထံပို့ပြီးသောအခါ လူကုန်ကူးခံလိုက်ရကြောင်း အမှန်တရားမှာ ထင်ရှားသွားခဲ့လေသည်။ တွေ့ဆုံမေးမြန်းခဲ့သူ အများစုမှာ ကနဦး၌ ၎င်းတို့ကိုဝယ်ယူသောမိသားစုက အခန်းတစ်ခန်းထဲတွင် သော့ခတ်ထားကာ ထိုမိသားစုက ၎င်းအမျိုးသမီးများကို ကိုယ်ဝန်ရှိသွားရန်ကြိုးစား၍ မကြာခဏ မုဒိမ်းကျင့်ကြ၏။ ၎င်းတို့ကိုဝယ်ယူခဲ့သောမိသားစုများသည် "ဇနီးမယားလိုချင်သည်ထက်" ကလေးရှိရန် ပို၍စိတ်ဝင်စားပုံရလေ့ရှိကြောင်း ပြန်လွတ်မြောက်လာသူများကပြောသည်။ လူကုန်ကူးခံရသူ အမျိုးသမီးနှင့်မိန်းကလေးများက ၎င်းတို့ ကလေးမွေးပြီးသည်နှင့် ကလေး သို့မဟုတ် ကလေးများကို ချန်ထားခဲ့ပါက လွတ်လပ်စွာ သွားနိုင်ပြီဖြစ်ကြောင်းကို မပြောဘဲ နားလည်ထားသည်ဖြစ်ပြီး အချို့ကိုလည်း အတိအလင်း ပြောပြထားကြ၏။ အချို့မှာ သားသမီးရနိုင်ရေး အတွက် ကုသမှုများဟုယူဆရသည့် ကုသမှုများကို စိတ်ဆန္ဒမပါဘဲ ခံယူခဲ့ကြရသည်။

လူကုန်ကူးခံရသော "ဇနီးမယား" အချို့မှာ လိင်ပိုင်းဆိုင်ရာ ကျွန်ပြုမှုအပြင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ညှဥ်းပန်းနှိပ်စက်မှုများကို ဆက်တိုက်ခံစားခဲ့ရသည်။ အခြားအမျိုးသမီးများမှာမူ ၎င်းတို့ကို ဖမ်းဆီးထားသည့် မိသားစုပိုင် အိမ်၌ဖြစ်စေ၊ လယ်ထဲတွင်ဖြစ်စေ၊ အဓမ္မစေခိုင်းခြင်း ခံခဲ့ရ၏။

တွေ့ဆုံမေးမြန်းခဲ့သော လူကုန်ကူးခံရသော အမျိုးသမီးနှင့်မိန်းကလေးများက ၎င်းတို့ထွက်ပြေးလွတ်မြောက်ရန် အခွင့်အရေး တစ်ရပ်ကို စောင့်ခဲ့ကြောင်းပြော၏။ အချို့က သီတင်းပတ်ပေါင်းများစွာ၊ လပေါင်းများစွာ စောင့်ခဲ့ကြ၏။ အများအပြားမှာ နှစ်ပေါင်းများစွာ စောင့်ခဲ့ကြ၏။ အနည်းငယ်မှာ တရုတ်ရဲထံ သွားခဲ့ပြီး အကူအညီရခဲ့ကြ၏။ အများစုမှာ လူစိမ်းများအား အကူအညီတောင်းခံခြင်း၊ ၎င်းတို့နားလည်သည့် ဘာသာစကားဖြင့် ပြောဆိုနိုင်မည့်သူ တစ်စုံတစ်ဦးအား အသည်းအသန်ရှာခြင်းတို့ဖြင့် ၎င်းတို့ဘာသာ ထွက်ပြေး လွတ်မြောက်ခဲ့ကြ၏။ ရှစ်ဦးမှာ ၎င်းတို့ကို ဝယ်ယူသူများနှင့်ရခဲ့သည့်ကလေးများကို မထားချင်ဘဲထားရစ်ခဲ့ရကာ ယင်းအတွက်ကြောင့် ၎င်းတို့ လွန်စွာနာကျင်ခံစားရ၏။

မြန်မာပြည်ပြန်ရောက်သောအခါ ၎င်းတို့သည် စိတ်ဒဏ်ရာများနှင့်လုံးပန်းရပြီး အချို့မှာ ၎င်းတို့ခံခဲ့ရသော ညှဥ်းပန်းနှိပ်စက်မှုကြောင့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများနှင့် လုံးပမ်းရပါသည်။ မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခနှင့် နေအိမ်စွန့်ခွာရမှု ဆက်လက်ဖြစ်ပေါ်နေသဖြင့် နဂိုက ၎င်းတို့အား တရုတ်ပြည်သို့

ရောင်းစားခံရအောင် တွန်းပို့ခဲ့သည့် ငွေရေးကြေးရေးအခြေအနေ ဆိုးရွားမှုကိုပင် ပြန်လည်ရင်ဆိုင်ရပြန်သည်။ အချို့က တရားရေးနည်းလမ်းမှတစ်ဆင့် ၎င်းတို့၏ကလေးများကို အုပ်ထိန်းခွင့် သို့မဟုတ် တွေ့ခွင့်ရရန် ကြိုးပမ်းကြ၏။ ၎င်းတို့အားလုံးသည် ၎င်းတို့၏လူမှုအသိုင်းအဝိုင်းများ၊ တစ်ခါတစ်ရံတွင် ၎င်းတို့၏မိသားစုများထံမှ ဖယ်ကြဉ်မှုနှင့် ရင်ဆိုင်ရသောပတ်ဝန်းကျင်၊ ၎င်းတို့အား ၎င်းတို့ခံစားခဲ့ရသောဒုက္ခမှ ပြန်လည်ထူထောင်နိုင်ရန် ကူညီမည့် ဝန်ဆောင်မှု အနည်းငယ်သာ ရှိသော ပတ်ဝန်းကျင်တွင် ရုန်းကန်နေကြရသည်။

မြန်မာအာဏာပိုင်များ၊ တရုတ်အာဏာပိုင်များနှင့် KIO များ အပါဝင် နယ်စပ်၏နှစ်ဘက်စလုံးရှိ ဥပဒေကြိုးကြပ်ရေးအရာရှိများသည် လူကုန်ကူးခံရသော အမျိုးသမီးနှင့်မိန်းကလေးများကို ပြန်လည်ရရှိရေးအတွက် အနည်းငယ်သာကြိုးပမ်းခဲ့ကြသည်။ မိမိတို့၏  ပျောက်ဆုံးနေသော သမီး၊ ညီမ/အစ်မ သို့မဟုတ် ဇနီးသည်ကို ပြန် တွေ့ရှိရေးအတွက် အကူအညီလာတောင်းသည့် မိသားစုများကို ရဲက ကြိမ်ဖန်များစွာ နှင်လွှတ်ခဲ့ကြပြီး ရဲအား အရေးယူဆောင်ရွက်စေလိုပါက ပိုက်ဆံပေးရမည်ဖြစ်ကြောင်း ပြောလေ့ရှိကြသည်။

အမျိုးသမီးနှင့်မိန်းကလေးများက ထွက်ပြေးလွတ်မြောက်၍ တရုတ်ရဲထံ ပြေးသွားသောအခါ ရာဇဝတ်မှု ကျူးလွန်ခံရသူများအဖြစ် ဆက်ဆံခံရမည့်အစား လူဝင်မှုကြီးကြပ်ရေး ချိုးဖောက်မှုများဖြင့် တစ်ခါတစ်ရံတွင် ထောင်ချခံရသည်။ ဒုက္ခခံရသူများအား မြန်မာနိုင်ငံသို့ ပြန်ပို့ခြင်းကိုလည်း ပရမ်းပတာပြုလုပ်သဖြင့် တစ်ခါတစ်ရံတွင် ဒုက္ခကျော်လွှားခဲ့သူများမှာ နယ်စပ်တွင် သောင်တင်နေခြင်း သို့မဟုတ် ပစ်ထားခံရခဲ့ခြင်းများ ရှိသည်။

လူကုန်ကူးသားကောင်အများအပြားမှာ ၎င်းတို့၏ဇာတ်လမ်းများကို ပြောပြရန် ကြောက်သော်လည်း တရားမျှတမှုရရှိရန် ကြိုးပမ်းသူများမှာ တရားမျှတမှု ရရှိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ကို လူကုန်ကူးခဲ့သောသူများမှာ လွတ်လွတ်လပ်လပ်ရှိနေပြီး ၎င်းတို့၏ လူကုန်ကူးရေးလုပ်ရှာမှုများကို ဆက်လက်လုပ်ကိုင်နေလေ့ရှိသောကြောင့် ဖြစ်သည်။ မြန်မာအာဏာပိုင်များက ဖမ်းဆီးမှုများ ပြုလုပ်ခဲ့လျှင်လည်း ၎င်းတို့သည် မြန်မာနိုင်ငံရှိ ကနဦးပွဲစားများကိုသာ ပစ်မှတ်ထားလေ့ရှိပြီး တရုတ်နိုင်ငံမှ ကျန်အဆက်အသွယ် ကွန်ရက်များကိုမူ  ပစ်မှတ်ထားလေ့ မရှိပေ။ ကျွန်ုပ်တို့သိသလောက် လူကုန်ကူးခံရသော “ဇနီးမယားများ” ကို သိလျက်နှင့်ဝယ်ကာ ညှဉ်းပန်းနှိပ်စက်သူများကို တရုတ်ရဲက မည်သည့်အခါမျှ ဖမ်းဆီးမှု မပြုသလောက် ရှိ၏။ တစ်ခါတစ်ရံတွင် ကျူးလွန်သူများကို တရားပြန်မစွဲဖို့ လူကုန်ကူးခံခဲ့ရသူများကို ၎င်း၏မိသားစုနှင့် မိတ်ဆွေများက တားဆီးကြ၏။ KIO ထိန်းချုပ်ဒေသများတွင်

လူကုန်ကူးသူများကို အပြစ်ပေးရာ၌ တစ်ခါတစ်ရံတွင် အပြစ်ဖော်ဆုံးမခြင်းထက် မပိုပေ။ မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံနှင့် KIO ထိန်းချုပ်ဒေသများမှ ရဲများသည် တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းဆောင်ရွက်ရန် ကြိုးပမ်းရန် သို့မဟုတ် ဤအမှုများကို ဦးစားပေးရန် ကြိုးပမ်းမှုနည်းကြသည်။

တရုတ်နိုင်ငံတွင် သားသမီးများထားခဲ့သော အမျိုးသမီးနှင့်မိန်းကလေးများသည် ၎င်းတို့၏ကလေးများပြန်လည်ရရှိရေးအတွက် အလားအလာမရှိပေ။ အချို့မှာ ၎င်းတို့၏သားသမီးများနှင့်အတူ အသည်းအသန်နေချင်လွန်းသဖြင့် ၎င်းတို့အား ကျွန်အဖြစ် ဖမ်းဆီးခဲ့သော မိသားစုများထံသို့ ပြန်သွားခဲ့ကြသည်။ ကလေးဆီပြန်သွားရန်ကြိုးပမ်းခဲ့သော်လည်း တရုတ်နိုင်ငံလူဝင်မှုကြီးကြပ်ရေး အရာရှိများက နှင်လွှတ်လိုက်သဖြင့် ကလေးအား နောက်ထပ် မည်သည့်အခါမျှ ပြန်မတွေ့ရသော အမျိုးသမီးတစ်ဦးအကြောင်း လူ့အခွင့်အရေး  စောင့်ကြည့်ရေးအဖွဲ့က သိရှိထားပါသည်။

မြန်မာ့တပ်မတော်သည် စစ်ရာဇဝတ်မှုများအပြင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် လူသားမဆန်သည့်ရာဇဝတ်မှုများ ကျူးလွန်ခဲ့ကြောင်း ၂၀၁၈ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂမှ တွေ့ရှိချက်များရှိသော်လည်း ထိုဒေသများရှိ လက်နက်ကိုင် ပဋိပက္ခမှာ နိုင်ငံတကာ၏ အရေးဂရုပြုမှုမှ များစွာလွတ်ကင်းခဲ့သည်။ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာလူမျိုးများအပေါ် ကျူးလွန်ခဲ့သည့် ရက်စက်ကြမ်းကြုတ်မှုများကို သတင်း ခေါင်းကြီးပိုင်းများ၌ ဖော်ပြခဲ့ကြသော်လည်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ အမျိုးသမီးများနှင့် မိန်းကလေးများမှာမူ အများမမြင်သည့် သားကောင်များသာ ဖြစ်နေကြသည်။ ၎င်းတို့အမြောက်အမြားမှာ  မြန်မာနိုင်ငံ၌ စစ်ပွဲနှင့် နေအိမ်စွန့်ခွာထွက်ပြေးရခြင်း၊ တရုတ်ပြည်တွင် အမျိုးသမီးများ၏ မျိုးပွားပိုင်ခွင့်များကို ဖျက်လိုဖျက်ဆီးငြင်းပယ်မှု၏ ဆိုးကျိုးတို့ ဆုံစည်းမိခြင်းအားဖြင့် ပြောမပြနိုင်လောက်အောင်ပြင်းထန်သော ညှဉ်းပန်းနှိပ်စက်ခံရသည့်ဘဝများတွင် ပိတ်မိနေကြသည်။

# အကြံပြုချက်များ

## မြန်မာနိုင်ငံအစိုးရနှင့် တရုတ်နိုင်ငံအစိုးရသို့

- အစိုးရ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးကြိုးပမ်းမှုများအနေဖြင့် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ "ဇနီးမယား" အဖြစ်ရောင်းချရန် လူကုန်ကူးခြင်းကို ပို၍ဂရုပြုသင့်ပြီး ထိုသို့ဂရုပြုရာတွင် ဤပုံစံဖြင့် လူကုန်ကူးခြင်းကို တားဆီးရန် ပစ်မှတ်ထားသည့် ကြိုးပမ်းမှုများ၊ ကယ်ဆယ်ရေး၊ လူကုန်ကူးခံခဲ့ရသူများကို ကူညီပံ့ပိုးရေး၊ ကျူးလွန်သူများနှင့် ဝယ်ယူသူများကို စုံစမ်း၍ အရေးယူခြင်းများ ပါဝင်သင့်သည်။
- ၂၀၀၄ ခုနှစ် မဲခေါင်ဒေသတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေး ဝန်ကြီးအဆင့် ညှိနှိုင်းဆောင်ရွက်မှု (COMMIT) နှင့် ၂၀၀၉ ခုနှစ် "ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအကြား လူကုန်ကူးမှု တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရေး နားလည်မှုစာချွန်လွှာ" တို့ကို အကောင်အထည်ဖော်မှု ပိုမို ကောင်းမွန်ရန် ဆောင်ရွက်ရေး၊ ထိရောက်မှုရှိ၍ ညှိနှိုင်းဆောင်ရွက်ထားသော လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ဥပဒေကြောင်းကြပ်မှုနှင့် လူကုန်ကူးခံရသူများကို ကူညီပံ့ပိုးရေး တာဝန်ယူဆောင်ရွက်ရန်။
- လူကုန်ကူးမှုတားဆီးရေးတွင်လည်းကောင်း၊ လူကုန်ကူးခံရသူများနှင့် ၎င်းတို့၏မိသားစုများကို ကူညီပံ့ပိုးရာတွင် လည်းကောင်း လက်တွေ့ အောင်မြင်ကြောင်း အထောက်အထားရှိသည့် ပြည်တွင်းနှင့် နိုင်ငံတကာ NGO များ၏အလုပ်ကို ပံ့ပိုးရန်။

### *ကာကွယ်တားဆီးခြင်း*

- ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းအပါအဝင် မြန်မာနိုင်ငံမှ ပြည်သူပြည်သားများ တရုတ်နိုင်ငံတွင် တရားဝင် အလုပ်အကိုင် ရရှိပြီး ထိုနိုင်ငံသို့ ဘေးကင်းစွာ ခရီးသွားနိုင်ရေးအတွက် အလုပ်အကိုင် ခေါ်ယူမှုလမ်းကြောင်းများကို စည်းမျဉ်းစည်းကမ်းတို့ဖြင့် တရားဝင်ဖြစ်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ပြီး အစိုးရမှ စောင့်ကြပ်ကြည့်ရှုရန်။
- နယ်စပ်ဒေသနှင့် နယ်စပ်ဒေသအနီးတွင် လူကုန်ကူးမှုအန္တရာယ်အသိပေးရေးကြိုးပမ်းမှုများ ခိုင်မာစေရေး၊ လူကုန်ကူးမှု စုံစမ်းထောက်လှမ်းရေး၊ လူကုန်ကူးခံရသူများနှင့် လူကုန်ကူးခံရနိုင်သည့် အလားအလာရှိသူများကို ကူညီပံ့ပိုးခြင်းနှင့် လူကုန်ကူးသူများဟု သံသယရှိသူများအပေါ် စောင့်ကြည့်ရန်စာရင်းတစ်ခုထားရှိ၍ အခြားသူများနှင့် ဝေမျှရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရန်။

## *ဥပဒေကြီးကြပ်မှု*

- လူကုန်ကူးခံရကြောင်း ယုံကြည်စိတ်ချရလောက်သော တိုင်ကြားချက်အားလုံးကို အလျင်အမြန်နှင့် သင့်တော်စွာတုံ့ပြန်ရေး ရဲတို့အား ညွှန်ကြားရန်။
- လူကုန်ကူးခံရသူများ သို့မဟုတ် မိသားစုများအား မကူညီသော သို့မဟုတ် ပိုက်ဆံတောင်းသော အရာရှိများအား အလုပ်မှရပ်စဲခြင်းအပါအဝင် စည်းကမ်းထိန်းသိမ်းရေးအရ အပြစ်ပေးရန်၊ လူကုန်ကူးရာတွင် ပါဝင်ကျူးလွန်သော အရာရှိများကို သင့်လျော်သလို အရေးယူရန်။
- ဘာသာစကားအတားအဆီးများကို ကျော်လွှား၍ပြောဆိုနိုင်ရေးတွက် ရဲများအနေဖြင့် စကားပြန်ဝန်ဆောင်မှုများ ရယူနိုင်အောင်ဆောင်ရွက်ရန်။
- "ဇနီးမယား"အဖြစ် လူကုန်ကူးခြင်းအပေါ်တိုင်ကြားချက်တိုင်းကို နယ်စပ်၏ဟိုဘက်နှင့် သည်ဘက် ညှိနှိုင်းပြီး တုံ့ပြန်မှုများပြုလုပ်ရန်။ ရဲတို့၏တုံ့ပြန်မှုများတွင် - ၁) ဒုက္ခခံရသူကို ရှာဖွေ၍ ဘေးကင်းစွာ ပြန်လည်ရယူရေး၊ ၂) ပွဲစားများ၊ လူကုန်ကူးသူများနှင့် ဝယ်သူများအပါအဝင် နယ်စပ်နှစ်ဘက်စလုံးတွင် ကျူးလွန်သူများကို ဖမ်းဆီး၍ အရေးယူရေး၊ ၃) လူကုန်ကူးခံခဲ့ရသူကို တရုတ်ပြည်တွင်ကျန်ရစ်ခဲ့သော ကလေးများနှင့် ပြန်လည်ဆုံစည်းပေးရေးနှင့် ၄) လူကုန်ကူးခံရသူကို လိုအပ်သည်အတိုင်း ဝန်ဆောင်မှုများနှင့် ချိတ်ဆက်ပေးရေးတို့ကို လျင်မြန်စွာနှင့် ထိရောက်စွာ ဆောင်ရွက်မှု တစ်ရပ် ရှိမရှိ စစ်ဆေးရန်။
- အမျိုးသမီးရဲတပ်ဖွဲ့ဝင်များကို စုဆောင်း၍ ထိန်းသိမ်းထားရေးအတွက် နည်းဗျူဟာများ ရေးဆွဲရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့များ၊ ရာဇဝတ်မှုကျူးလွန်ခံရသည့် အမျိုးသမီးများနှင့် ဆက်ဆံသည့် အခြားအဖွဲ့များတွင် အမျိုးသမီး အရာရှိများကို စုံစမ်းစစ်ဆေးသည့်အခန်းကဏ္ဍများတွင် ထားရှိရန်။
- ထွက်ပြေးလွတ်မြောက်လာသူများမှ တရုတ်ပြည်တွင် ထားခဲ့ရသော ကလေးအားလုံးကို ဘေးကင်းစွာ ပြန်လည် ရယူရေးအတွက် နယ်စပ်ဖြတ်ကျော်၍ ညှိနှိုင်းထားသော အထောက်အကူများ ပေးရန်။
- လူကုန်ကူးမှုကျော်လွှားခဲ့ရသူများ ဘေးကင်းစွာ အိမ်ပြန်လာနိုင်၍ လိုအပ်သည့်ဝန်ဆောင်မှုများ ရယူနိုင်ကြောင်း သေချာရေးအတွက် နယ်စပ်ဖြတ်ကျော်၍ ညှိနှိုင်းထားသော အထောက်အကူများ ပေးရန်။

# မြန်မာနိုင်ငံအစိုးရသို့

## *ကာကွယ်တားဆီးခြင်း*

- IDP စခန်းများကဲ့သို့ လူကုန်ကူးခံရနိုင်မှုအန္တရာယ်မြင့်မားသည့်နေရာများ၌ရှိသူများနှင့် နယ်စပ်ဖြတ်ကျော်သူများ သို့မဟုတ် ခရီးသွား စာရွက်စာတမ်းများ လျှောက်ထားသူများကို လူကုန်ကူးမှုအန္တရာယ်နှင့် မိမိကိုယ်ကိုယ်ကာကွယ်ရေးအတွက်  ဆောင်ရွက်စရာများအသိပေးရန် ထိရောက်သည့် အသိပညာပေးစည်းရုံးလှုံ့ဆော်မှုများ ချမှတ်၍ အကောင်ထည်ဖော်ရန်။
- IDP စခန်းများ၌ နေထိုင်နေသူများနှင့် ပဋိပက္ခ သက်ရောက်မှုရှိသည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့ရှိ အခြားနေထိုင်သူများထံ အစားအစာ၊ ဆေးဝါးနှင့် အခြားပံ့ပိုးမှုများ လုံလုံလောက်လောက် ရောက်ရှိကြောင်း သေချာအောင်ပြုလုပ်ရန်။
- IDP စခန်းများတွင်နေသော သို့မဟုတ် ပဋိပက္ခကြောင့် အခြားနည်းဖြင့် ထိခိုက်ခံရသော မိန်းကလေးများအပါအဝင် ကလေးအားလုံး အခမဲ့အလယ်တန်းပညာရေးအပါအဝင် အခမဲ့ပညာရေးရရှိအောင် ဂရုစိုက်ဆောင်ရွက်ပေးရန်။
- IDP စခန်းများကို ပိတ်သိမ်းမည့်အစီအစဉ်များသည် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး ဝတ္တရားများကို လေးစားသည့် နည်းလမ်းဖြင့် စီမံထား၍အကောင်အထည်ဖော်မှုရှိမရှိ ဂရုစိုက် စစ်ဆေးရန်၊ နေရပ်စွန့်ခွာခဲ့ရသူများ အိမ်သို့ ပြန်နိုင်ရေးအတွက် ရေရှည်အသုံးတည့်မည့် နည်းဗျူဟာများ ဖန်တီးရန်နှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ကာကွယ်ရေး  ဆောင်ရွက်ချက်များကို ပူးပေါင်းရန်။

## *ဥပဒေကြိုးကြပ်ရေး*

- လူကုန်ကူးမှုတိုက်ဖျက်သည့်ရဲများအနေဖြင့် လူကုန်ကူးမှုကိစ္စများကို စုံစမ်းစစ်ဆေးရန်အတွက် တရုတ်နိုင်ငံရှိ ရဲများနှင့် အတူ လုပ်ကိုင်ခြင်းအပါအဝင် ၎င်းတို့တွင် လုပ်ကိုင်နိုင်သည့်စွမ်းရည်၊ အာဏာများ၊ သင်တန်းနှင့် သယ်ယူပို့ဆောင်ရေး အလုံအလောက်ရှိကြောင်း သေချာရေးအတွက် ၎င်းတို့အား လိုအပ်သည်များပံ့ပိုးပေးရန်။

## *ဥပဒေပြုပြင်ပြောင်းလဲရေး*

- လင်မယားချင်းကျူးလွန်သည့်မုဒိမ်းမှုကို ပြစ်မှုအဖြစ်သတ်မှတ်ခြင်း၊ အိမ်တွင်းအကြမ်းဖက်မှု အပေါ် နိုင်ငံတော်၏ တုံ့ပြန်မှုကို ပိုမို တိုးတက်ကောင်းမွန်စေခြင်း၊ အိမ်ထောင်ပြုသည့် အနည်းဆုံး အသက်ကို ခြွင်းချက်မရှိ ၁၈ နှစ်အဖြစ် သတ်မှတ်ခြင်း၊ အတင်းအကျပ် အိမ်ထောင်ပြုစေခြင်းနှင့်

မင်္ဂလာတင်တောင်းကြေးငွေ ပေးရသည့်ဓလေ့ ကို တားမြစ်ခြင်းအပါအဝင် အမျိုးသားနှင့်အမျိုးသမီးများ တန်းတူညီမျှမှု ပိုမိုကောင်းမွန်စေရေးအတွက် ဥပဒေပြဋ္ဌာန်းရန်။

- တရားရင်ဆိုင်သည့်တရားရုံးများနှင့် အယူခံတရားရုံးများအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၅၄ ကို အသုံးပြု၍ လူကုန်ကူးမှုတိုက်ဖျက်ရေး ဥပဒေအရ ပြစ်မှုထင်ရှား တွေ့ရှိထားသူများ အပေါ်သတ်မှတ်သည့်ဒဏ်ငွေကို လူကုန်ကူးခံရသူကရရှိရေး အတွက် ပိုမိုတိကျသည့်ညွှန်ကြားမှုများ ပေးနိုင်အောင် လုပ်ရန်။
- ၂၀၀၅ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေအပါအဝင် လူကုန်ကူးမှု တိုက်ဖျက်ရေး ကြိုးပမ်းမှုနှင့်သက်ဆိုင်သည့် ဥပဒေပြုအစီအစဉ်သည် ပြီးပြည့်စုံ၍ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီကြောင်း သေချာစေရေးအတွက်  ပြုပြင်ရေးဆွဲရန်။ ထိုနိုင်ငံတကာ စံချိန်စံညွှန်းတွင် အသက် ၁၈ နှစ်အောက် မည်သူမဆိုအား ကလေးဟု သတ်မှတ်ခြင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးကြိုးပမ်းမှုများနှင့်ဆိုင်သော ဥပဒေစည်းမျဉ်းများအနေဖြင့် အားလုံးကိုလွှမ်းခြုံပြီး နိုင်ငံတကာစံချိန်စံညွှန်းများနှင့်လည်း ကိုက်ညီအောင် ပြင်ဆင် ရေးဆွဲရမည်ဟု ဆိုရာတွင် သာဓကအားဖြင့် အသက် ၁၈ နှစ်အောက်ရှိသူ မည်သူကိုမဆို ကလေးသူငယ်အဖြစ် သတ်မှတ်ခြင်း၊ ဥပဒေသည် အမျိုးသမီးအမျိုးသား အားလုံးကို တန်းတူဆက်ဆံမှုရှိမရှိ စစ်ဆေးခြင်း၊ 'ကလေးသူငယ်များကို လူကုန်ကူးခြင်း' ဆိုသည့် စကားရပ်ကို အဓိပ္ပာယ် တိတိကျကျဖွင့်ဆိုခြင်း (သို့မှသာ အတင်းအကျပ်ဖြစ်ကြောင်း၊ လိမ်လည်လှည့်ဖြားကြောင်း၊ သို့မဟုတ် အတင်းခြိမ်းခြောက်ခိုင်းစေကြောင်း မဖြစ် မနေ သက်သေပြရမည်ဆိုသည့်အချက် မရှိမည်ဖြစ်) စသည်တို့ ပါဝင်ရမည်ဖြစ်သည်။

## *ဝန်ဆောင်မှုများ*

- လူကုန်ကူးခံရသူများ၊ ၎င်းတို့၏ကလေးများ၊ ၎င်းတို့၏မိသားစုများအပေါ် လူမှုရေးအရ ဖယ်ကြဉ်ရှုတ်ချမှုကို တိုက်ဖျက်ရန် လူမှုအသိုင်းအဝိုင်းနှင့် ဘာသာရေးခေါင်းဆောင်များနှင့် ပူးပေါင်း၍ လူမှုအသိုင်းအဝိုင်း အသိပညာပေးအစီအစဉ်များကို အကောင်အထည်ဖော်ရန်။
- လူကုန်ကူးခံခဲ့ရသူများရရှိနိုင်သည့် ဝန်ဆောင်မှုများကို ဝန်ဆောင်မှုရရှိသည့်လူဦးရေရော ဝန်ဆောင်မှုများ အတိုင်းအတာအရပါ တိုးမြှင့်ရန်။
- သတ်မှတ်ချက်နှင့်ကိုက်ညီသည့် လူကုန်ကူးခံခဲ့ရသူများကို ဝန်ဆောင်မှုများလက်ကမ်းရန် နည်းလမ်းသစ်များ ဖော်ဆောင်ပြီး၊ သတ်မှတ်ချက်များထဲတွင် လူကုန်ကူးခံရလုဆဲဆဲကြုံခဲ့သူ သို့မဟုတ် ရဲအကူအညီမပါဘဲ ထွက်ပြေးလွတ်မြောက်ခဲ့သူများကိုပါ ထည့်သွင်းနိုင်ရေးအတွက် ပိုမိုကျယ်ပြန့်စေရန်။

- အောက်ပါတို့အပါအဝင် လူကုန်ကူးခံခဲ့ရသူများကို ပြည့်စုံသည့်ဝန်ဆောင်မှုများပေးရန်-
  ၁) အရေးပေါ် ခိုလှုံရန်ဂေဟာ၊
  ၂) ဘေးကျပ်နံကျပ်ကာလနှင့် ရေရှည်ကာလ နှစ်သိမ့်ဆွေးနွေးမှု၊
  ၃) အရေးပေါ်နှင့် လိုအပ်သည့်အခါ ကျန်းမာရေးစောင့်ရှောက်မှု ဆက်လက်ပေး၍၊ ၎င်းစောင့်ရှောက်မှုတွင် သန္ဓေသားဖျက်မှု၊ မီးယပ်သားဖွားစောင့်ရှောက်မှုနှင့် HIV ရောဂါကာကွယ်ဆေးနှင့်ပစ္စည်းများ၊ စမ်းသပ်ခြင်းနှင့် ကုသခြင်းတို့ပါဝင်ပါသည်။
  ၄) တရားခံများအား တရားစွဲဆိုရန်နှင့် ၎င်းတို့ထံမှ လျော်ကြေးရရေးအတွက်နှင့် တရုတ်နိုင်ငံရှိ ကလေးများကို အုပ်ထိန်းပိုင်ခွင့်ရယူရေးအတွက်ကူညီရန် ဥပဒေရေးရာ ကူညီပံ့ပိုးမှု၊
  ၅) ကျောင်းတက်ခြင်းနှင့် သင်တန်းများတက်ခြင်း အပါအဝင် အသက်မွေးမှုအတွက် ပံ့ပိုးမှုနှင့်
  ၆) လူကုန်ကူးခံရသူများအပေါ် ကဲ့ရဲ့ရှုတ်ချဖယ်ကြဉ်လိုစိတ်များ တိုက်ဖျက်ရေးအတွက် မိသားစုများကို အကြံပေးဆွေးနွေးခြင်းနှင့် ပြန်လည်ပေါင်းစည်းအတူနေရေးကို ပံ့ပိုးမှု။

## မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော်သို့

- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း တပ်မတော်လှုပ်ရှားမှုများတွင် နိုင်ငံတကာ လူ့အခွင့်အရေးများနှင့် လူသားချင်းစာနာမှုဥပဒေတို့ကို လိုက်နာရန်၊ ဥပဒေချိုးဖောက်မှုများအတွက် တာဝန်ရှိသူများကို တာဝန်ခံစေရန်။
- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အထောက်အပံ့များလိုအပ်နေသော အရပ်သားများအား လူသားချင်းစာနာမှု အထောက်အပံ့များ ပေးပို့ရာတွင် လွယ်ကူချောမောစေရေး ဆောင်ရွက်ပေးရန်။

## မြန်မာနိုင်ငံအစိုးရနှင့် ကချင် လွတ်မြောက်ရေးအဖွဲ့သို့

- လူကုန်ကူးမှုတိုက်ဖျက်ရေးကြိုးပမ်းချက်များကို ညှိနှိုင်းဆောင်ရွက်နိုင်မည့် ယန္တရားများဖော်ဆောင်ရေးအတွက် လူသားချင်းစာနာမှု ဆိုင်ရာ အခွင့်အလမ်းများရှာဖွေရန်။
- အပစ်အခတ်ရပ်စဲရေး သို့မဟုတ် ငြိမ်းချမ်းရေးသဘောတူညီချက်များတွင် အမျိုးသမီးများ အပါအဝင် နေရပ်စွန့်ခွာခဲ့ရသူများနှင့် အခြားစစ်ဘေးဒဏ်ခံရသောလူများ၏ စားဝတ်နေရေးနှင့် လွတ်လပ်စွာ သွားလာခွင့်တို့ ပါဝင်မှုရှိမရှိ စစ်ဆေးရန်။

## တရုတ်နိုင်ငံအစိုးရသို့

- သယ်ယူပို့ဆောင်ရေးကုမ္ပဏီများ၊ ဟော်တယ်များ၊ ဈေးများနှင့် ကျန်းမာရေး စောင့်ရှောက်မှုဌာနများရှိ ဝန်ထမ်းများကို အသိပညာပေးခြင်းအပါအဝင် လူကုန်ကူးမှု သံသယရှိသည့်အခါ တိုင်ကြားလာအောင် အားပေးရေးအတွက် ဆောင်ရွက်ချက်များ ပြုလုပ်ရန်။
- လူကုန်ကူးမှုကျော်လွှားခဲ့ရသူများကို လူဝင်မှုကြီးကြပ်ရေးချိုးဖောက်မှုများအတွက် ထောင်ချသည့်အလေ့အကျင့်ကို အဆုံးသတ်၍ ၎င်းတို့ မြန်မာနိုင်ငံပြန်လာရေးအကူအညီပေးရန်။ ၎င်းတို့အပေါ်ကျူးလွန်ခဲ့သော ပြစ်မှုများကို စုံစမ်းစစ်ဆေးရေးနှင့် အရေးယူရေးတွင် အကူအညီပေးရန်အတွက် ၎င်းတို့တရုတ်နိုင်ငံသို့ ဘေးကင်းစွာပြန်နိုင်ရေး ဆောင်ရွက်ပေးရန်။
- လူကုန်ကူးခံရသူကို လွှတ်ပေးခြင်းဖြင့် ၎င်းကိုဝယ်ယူထားသည့်မိသားစုအား ၎င်းတို့၏ပြစ်ဒဏ်ကိုလျှော့ပေါ့ပေးသည့် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၂၄၁ ပါ ပြဌာန်းချက်ကို ဖယ်ရှားရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး ဥပဒေပြဌာန်းမှုသည် နိုင်ငံတကာစံချိန်စံနှုန်းများ၊ အကောင်းဆုံးအလေ့အထများနှင့် ကိုက်ညီကြောင်း သေချာစေရန်၊ ချမှတ်နိုင်သောအပြစ်ဒဏ်အဖြစ်မှ သေဒဏ်ကို ဖယ်ရှားရန်။
- လူကုန်ကူးမှုကိုကျော်လွှားခဲ့သူများအား နိုင်ငံသားဖြစ်မဖြစ် သို့မဟုတ် တရားဝင်နေခြင်းမနေခြင်းကို မကြည့်ဘဲ အောက်ပါတို့အပါအဝင် ဝန်ဆောင်မှုများပေးရန်-

  ၁) အရေးပေါ် ခိုလှုံရန်ဂေဟာ၊

  ၂) ဘေးကျပ်နံကျပ်ကာလနှင့် လိုအပ်သည့်အခါ ရေရှည်ကာလ နှစ်သိမ့်ဆွေးနွေးမှု၊

  ၃) အရေးပေါ်နှင့် လိုအပ်သည့်အခါ ကျန်းမာရေးစောင့်ရှောက်မှု ဆက်လက်ပေး၍၊ ၎င်းစောင့်ရှောက်မှုတွင် သန္ဓေသားဖျက်မှု၊ မီးယပ်သားဖွားစောင့်ရှောက်မှုနှင့် HIV ရောဂါ ကာကွယ်ဆေးနှင့် ပစ္စည်းများ၊ စမ်းသပ်ခြင်းနှင့် ကုသခြင်းတို့ပါဝင်ပါသည်။ ထို့အပြင်

  ၄) တရားခံများအား တရားစွဲဆိုရန်နှင့် ၎င်းတို့ထံမှ လျော်ကြေးရရေးအတွက်နှင့် တရုတ်နိုင်ငံရှိ ကလေးများကို အုပ်ထိန်းပိုင်ခွင့်ရယူရေးအတွက် ကူညီရန် ဥပဒေရေးရာ ကူညီပံ့ပိုးမှု၊
- ဇနီးမယားအဖြစ်ရောင်းစားရန် လူကုန်ကူးခြင်းပြဿနာအကြောင်း ပြည်သူကိုအသိပညာပေးရာတွင် ပံ့ပိုးကူညီရန်။
- နယ်စပ်ဖြတ်ကျော်၍ တရုတ်နိုင်ငံမှ ကချင်ပြည်နယ်သို့ လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေးအကူအညီ အစီအစဉ်များကို ပံ့ပိုးကူညီရန်။

- လက်ရှိ "တစ်အိမ်ထောင် ကလေးနှစ်ယောက် မူဝါဒ" ကဲ့သို့ မျိုးပွားခွင့်ကန့်သတ်ချက်များကို အဆုံးသတ်ရန်။
- လူကုန်ကူးခံရမည့် အန္တရာယ်ရှိသူများနှင့် လူကုန်ကူးခံရသူများအား ပြည်တွင်းနှင့် ပြည်ပ NGO များက ကူညီသည်ကို ခွင့်ပြုရန်။

## တရုတ်နိုင်ငံအစိုးရနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့သို့

- မြန်မာနိုင်ငံ KIO ထိန်းချုပ်နယ်မြေများမှ ပြည်သူပြည်သားများ တရုတ်နိုင်ငံတွင် တရားဝင်အလုပ်အကိုင် ရရှိပြီး ထိုနိုင်ငံသို့ ဘေးကင်းစွာ ခရီးသွားနိုင်ရေးအတွက် အလုပ်ခေါ် လမ်းကြောင်းများကို စည်းမျဉ်းစည်းကမ်းတို့နှင့်အညီ တရားဝင်ဖြစ်စေရေးအတွက် ဆောင်ရွက်ပြီး စောင့်ကြပ်ကြည့်ရှုရန်။
- လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ဥပဒေစိုးမိုးမှု၊ လူကုန်ကူးခံရသော သို့မဟုတ် လူကုန်ကူးခံရန် အန္တရာယ်အလားအလာရှိသော အမျိုးသမီးများနှင့် မိန်းကလေးများအား ဝန်ဆောင်မှုပေးခြင်း စသည့်ကိစ္စရပ်များ၌ တရုတ်နိုင်ငံအစိုးရနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့တို့အကြား ညှိနှိုင်းဆောင်ရွက်မှုကို ခိုင်မာအောင်လုပ်ရန်။
- လွတ်မြောက်လာသော လူကုန်ကူးခံခဲ့ရသူများ တရုတ်ပြည်၌ကျန်ခဲ့သည့် ၎င်းတို့၏ကလေးများအား ဘေးကင်းစွာ ပြန်လည်ရယူရေးအတွက် ညှိနှိုင်းထားသော နယ်စပ်ဖြတ်ကျော် ကူညီပံ့ပိုးမှုပေးရန်။

## ကချင်လွတ်မြောက်ရေးအဖွဲ့သို့

- KWA က ကာကွယ်တားဆီးရေးနှင့်ဝန်ဆောင်မှုပေးခြင်းများတွင် ခေါင်းဆောင်ပြီး၊ KIO က အမှုများစုံစမ်းစစ်ဆေးခြင်း၊ လူကုန်ကူးခံရသူများကို ပြန်လည်ကယ်ထုတ်ခြင်း၊ ကျူးလွန်သူများအား ဖမ်းဆီးခြင်းနှင့် အရေးယူမှုများတွင် အစိုးရရှေ့နေများ၊ တရားရုံးများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းစသည်ဖြင့် လူကုန်ကူးခြင်းနှင့်ပတ်သက်သည့်ကိစ္စများတွင် KWA နှင့် KIO ရဲတို့၏ အခန်းကဏ္ဍများကို ရှင်းရှင်းလင်းလင်းဖြစ်အောင်လုပ်ရန်။
- လူကုန်ကူးမှု တားဆီးကာကွယ်ခြင်း၊ လူကုန်ကူးခံရသူများကို ဖော်ထုတ်၍ရှာဖွေခြင်း၊ လွတ်မြောက်လာခဲ့သူများအား ဝန်ဆောင်မှုများပေးခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် KWA နှင့်တကွ KIO ထိန်းချုပ်နယ်မြေများတွင် ဆောင်ရွက်နေသည့် အခြား အဖွဲ့အစည်းများအား ကူညီပံ့ပိုးပေးရန်။

***ကာကွယ်တားဆီးခြင်း***

- IDP စခန်းများကဲ့သို့ လူကုန်ကူးအန္တရာယ်မြင့်မားသည့်နေရာများ၌ရှိသူများနှင့် နယ်စပ်ဖြတ်ကျော်သူများ သို့မဟုတ် ခရီးသွား စာရွက်စာတမ်းလျှောက်ထားသူများကို လူကုန်ကူးမှုအန္တရာယ်နှင့် မိမိကိုယ်ကိုယ်ကာကွယ်ရေးအတွက် ဆောင်ရွက်ချက်များအသိပညာ ပေးနိုင်အောင် ပြည်သူများအား ထိရောက်သည့် အသိပညာပေးစည်းရုံးလှုံ့ဆော်မှုများ ချမှတ်၍ အကောင်ထည်ဖော်ရန်။
- လူကုန်ကူးမှုခင်းများကို စုံစမ်းထောက်လှမ်းရန်၊ လူကုန်ကူးခံရသူများနှင့် လူကုန်ကူးခံရရန်အလားအလာရှိသူများကို ကူညီစောင့်ရှောက်ရန် နှင့် လူကုန်ကူး သံသယတရားခံများ စာရင်းတစ်ခု ထားရှိ၍ အချင်းချင်း ဝေငှရန် အတွက် နယ်စပ်နှင့် နယ်စပ်အနီး ကြိုးပမ်းမှုများကို ခိုင်မာ အားကောင်းရန် လုပ်ရန်။
- IDP စခန်းတွင်နေထိုင်သူများနှင့် လက်နက်ကိုင် ပဋိပက္ခကြောင့် ထိခိုက်ခံရသော အခြားသူများကို လူသားချင်း စာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ကူညီပံ့ပိုးမှုများပေးရာတွင် လွယ်ကူချောမောရေးဆောင်ရွက်ပေးရန်။
- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့သို့ လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးရေး အထောက်အပံ့များ ပေးပို့ရာတွင် လွယ်ကူချောမောစေရေး ဆောင်ရွက်ပေးအောင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ အစိုးရတို့နှင့် ညှိနှိုင်းရန်။
- IDP စခန်းများတွင်နေထိုင်သော သို့မဟုတ် ပဋိပက္ခကြောင့် အခြားနည်းဖြင့်ထိခိုက်ခံရသော မိန်းကလေးများအပါအဝင် ကလေးအားလုံး အခမဲ့အလယ်တန်းပညာရေးအပါအဝင် အခမဲ့ပညာရေး ရရှိကြောင်းနှင့် အမှန်တကယ် ပညာသင်ခွင့်ရမရ စစ်ဆေးရန်။
- လင်မယားချင်းကျူးလွန်သည့်မုဒိမ်းမှုကို ရာဇဝတ်မှုဟုသတ်မှတ်ခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုအပေါ် KIO ၏ တုံ့ပြန်မှုကို ပိုမိုတိုးတက် ကောင်းမွန်စေခြင်း၊ အိမ်ထောင်ပြုသည့်အနည်းဆုံးအသက်ကို ခြွင်းချက်မရှိ ၁၈ နှစ်အဖြစ် သတ်မှတ်ခြင်း၊ အတင်းအကျပ် အိမ်ထောင်ပြုစေခြင်းနှင့် တင်တောင်းကြေးငွေပေးချေရသည့် ဓလေ့ကို တားမြစ်ခြင်းအပါအဝင် အမျိုးသားနှင့်အမျိုးသမီးများ တန်းတူညီမျှမှု ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်။

## ဥပဒေကြီးကြပ်ရေး

- KIO ရဲများအနေဖြင့် လူကုန်ကူးမှု အမှုများကို စုံစမ်းစစ်ဆေးရန်အတွက် တရုတ်နိုင်ငံရှိ ရဲများနှင့် အတူလုပ်ကိုင်ခြင်းအပါအဝင် ၎င်းတို့တွင် လုပ်ကိုင်နိုင်စွမ်းနှင့် သယ်ယူပို့ဆောင်ရေး အလုံအလောက် ရှိကြောင်း သေချာရေးအတွက် ၎င်းတို့အား လိုအပ်သမျှပံ့ပိုးပေးရန်။
- လူကုန်ကူးကြောင်းယုံကြည်စိတ်ချလောက်သောတိုင်ကြားချက်အားလုံးကို အလျင်အမြန်နှင့် သင့်တော်စွာတုံ့ပြန်အောင် ရဲများအား ညွှန်ကြားရန်။
- ဒုက္ခခံရသူများ သို့မဟုတ် မိသားစုများအား မကူညီသော သို့မဟုတ် ပိုက်ဆံတောင်းသော အရာရှိများအား အလုပ်မှရပ်စဲခြင်းအပါအဝင် အပြစ်ပေးရန်၊ လူကုန်ကူးရာတွင် ပါဝင်ကျူးလွန်သော အရာရှိများကို သင့်လျော်စွာအရေးယူရန်။
- ဘာသာစကားအတားအဆီးများကို ကျော်လွှား၍ပြောဆိုနိုင်ရေးတွက် ရဲများအနေဖြင့် စကားပြန်ဝန်ဆောင်မှုများ ရယူနိုင်အောင် ဆောင်ရွက်ပေးရန်။
- "ဇနီးမယား" အဖြစ် ရောင်းစားရန် လူကုန်ကူးခြင်းအပေါ်တိုင်ကြားချက်တိုင်းကို နယ်စပ်နှစ်ဖက် ဟိုဘက် သည်ဘက် ညှိနှိုင်းပြီး အရေးယူဆောင်ရွက်ရန်။ ရဲတို့၏တုံ့ပြန်မှုများတွင် - ၁) ဒုက္ခခံရသူကို ရှာဖွေ၍ ဘေးကင်းစွာ ပြန်လည်ရယူရေး၊ ၂) ပွဲစားများ၊ လူကုန်ကူးသူများနှင့် ဝယ်သူများအပါအဝင်  နယ်စပ်နှစ်ဘက်စလုံးတွင် ကျူးလွန်သူများကို ဖမ်းဆီး၍ အရေးယူရေး၊ ၃) ဒုက္ခခံရသူကို တရုတ်နိုင်ငံတွင်ကျန်ရစ်ခဲ့သော ကလေးများနှင့် ပြန်လည်ဆုံစည်းပေးရေးနှင့် ၄) ဒုက္ခခံရသူကို လိုအပ်သည်အတိုင်း ဝန်ဆောင်မှုများနှင့် ချိတ်ဆက်ပေးရေးတို့ကို လျင်မြန်စွာနှင့် ထိရောက်စွာဆောင်ရွက်မှု တစ်ရပ် ပါဝင်ကြောင်း သေချာစေရန်။
- လူကုန်ကူးမှုကျော်လွှားခဲ့ရသူများ ဘေးကင်းစွာ အိမ်ပြန်လာနိုင်၍ လိုအပ်သည့်ဝန်ဆောင်မှုများ ရယူနိုင်ကြောင်း သေချာရေးအတွက် တရုတ်ရဲများနှင့်ညှိနှိုင်းကာ အထောက်အကူများ ပေးရန်။
- အမျိုးသမီးရဲများကို ပိုမိုစုဆောင်း၍ ထိန်းသိမ်းထားရေးအတွက် နည်းဗျူဟာများ ရေးဆွဲကျင့်သုံးရန်။
- ရာဇဝတ်မှုကျူးလွန်ခံရသည့် အမျိုးသမီးများနှင့် ဆက်ဆံနေရသည့် အဖွဲ့များအားလုံးတွင် အမျိုးသမီးအရာရှိများကို စုံစမ်းစစ်ဆေးသည့်အခန်းကဏ္ဍများတွင် ထားရှိရန်။
- တုတ်များအသုံးပြုခြင်းနှင့် သေဒဏ်တို့ကဲ့သို့သော ညှဉ်းပန်းနှိပ်စက်သည့် အပြစ်ပေးမှုများကို အဆုံးသတ်ရန်။
- အဆိုပြုထားသည့် KIO ပြစ်မှုဆိုင်ရာဥပဒေအသစ်သည် နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံနှုန်းများကို လိုက်နာ၍ လူကုန်ကူးမှုတိုက်ဖျက်ရေး အကောင်းဆုံးအလေ့အထများကို ထင်ဟပ်ထားကြောင်း သေချာပြန်စစ်ဆေးရန်။

- ပြစ်မှုဆိုင်ရာဥပဒေသစ်တစ်ရပ် ဖော်ဆောင်မှု မရှိမချင်း၊ လူကုန်ကူးသည့်အမှုများကို ၂၀၀၅ ခုနှစ် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူရန်။

***ဝန်ဆောင်မှုများ***

- လူကုန်ကူးခံရသူများ၊ ၎င်းတို့၏ကလေးများ၊ ၎င်းတို့၏မိသားစုများအပေါ် လူမှုရေးအရ ဖယ်ကြဉ်ရှုတ်ချမှုကို တိုက်ဖျက်ရန် KWA၊ လူမှုအသိုင်းအဝိုင်း၊ ဘာသာရေးခေါင်းဆောင်များနှင့် ပူးပေါင်း၍ ထိရောက်၍ ကျယ်ပြန့်သော လူမှုအသိုင်းအဝိုင်း အသိပညာပေးအစီအစဉ်များကို အကောင်အထည်ဖော်ရန်။
- အောက်ပါတို့အပါအဝင် လူကုန်ကူးခံရပြီးလွတ်မြောက်လာခဲ့သူများကို ပြည့်စုံသည့်ဝန်ဆောင်မှုများပေးရန်-
  ၁) အရေးပေါ် ခိုလှုံရန်ဂေဟာ၊
  ၂) ဘေးကျပ်နံကျပ်ကာလနှင့် ရေရှည်ကာလ နှစ်သိမ့်ဆွေးနွေးမှု၊
  ၃) အရေးပေါ်နှင့် လိုအပ်သည့်အခါ ကျန်းမာရေးစောင့်ရှောက်မှု ဆက်လက်ပေး၍၊ ၎င်းစောင့်ရှောက်မှုတွင် သန္ဓေသားဖျက်မှု၊ မီးယပ်သားဖွားစောင့်ရှောက်မှုနှင့် HIV ရောဂါ ကာကွယ်ဆေးနှင့်ပစ္စည်းများ၊ စမ်းသပ်ခြင်းနှင့် ကုသခြင်း၊
  ၄) တရားခံများအား တရားစွဲဆိုရန်နှင့် ၎င်းတို့ထံမှ လျော်ကြေးရရေးအတွက်နှင့် တရုတ်နိုင်ငံရှိ ကလေးများကို အုပ်ထိန်းပိုင်ခွင့်ရယူရေးအတွက် ကူညီရန် ဥပဒေရေးရာ ကူညီပံ့ပိုးမှု၊
  ၅) ကျောင်းတက်ခြင်း၊ သင်တန်းတက်ခြင်း အပါအဝင် အသက်မွေးမှုအတွက် ပံ့ပိုးမှုနှင့်
  ၆) အသရေဖျက်မှုတိုက်ဖျက်ရေးအတွက် မိသားစုများကို အကြံပေးဆွေးနွေးခြင်းနှင့် ပြန်လည်ပေါင်းစည်းအတူနေရေးကို ပံ့ပိုးမှု။

# ကချင်အမျိုးသမီးများအသင်းသို့

- လူကုန်ကူးသူများနှင့် ပွဲစားများအပေါ် KIO ဥပဒေနှင့်အညီ အရေးယူမှုပြုလုပ်ရန် ကြိုးပမ်းပြီး လက်ရှိ ၎င်းတို့ကို ပညာပေးခြင်းနှင့် ခွင့်လွှတ်သည့် အလေ့အထများရှိနေခြင်းကို အဆုံးသတ်ရန်။
- လူကုန်ကူးခံခဲ့ရသူများအား ရုပ်ကျန်းမာရေး၊ စိတ်ကျန်းမာရေး၊ စားဝတ်နေရေးနှင့် ဥပဒေအရ ထောက်ပံ့ကူညီမှုများ အပြည့်အဝပေးရေး ကြိုးပမ်းရန်။
- လူကုန်ကူးခံရသူများ၊ ၎င်းတို့၏ကလေးများ၊ ၎င်းတို့၏မိသားစုများအပေါ် လူမှုရေးအရ ဖယ်ကြဉ် ရှုတ်ချမှုကို တိုက်ဖျက်နိုင်ရေး KIO နှင့်ပူးပေါင်း၍ ရပ်မိရပ်ဖများ၊

ဘာသာရေးခေါင်းဆောင်များနှင့်အတူ လက်တွဲကာ ထိရောက်၍ ကျယ်ပြန့်သည့် လူမှုအသိုင်းအဝိုင်း အသိပညာပေးအစီအစဉ်များကို အကောင်အထည်ဖော်ရန်။

## နိုင်ငံတကာအလှူရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကမ္ဘာ့ကုလသမဂ္ဂသို့

***(UNDP၊ UNICEF၊ OCHA၊ WFP၊ UN အမျိုးသမီးများ၊ UNODC၊, UNHCR၊ OHCHR၊ မြန်မာနိုင်ငံ ကုလသမဂ္ဂ ဌာနေ ညှိနှိုင်းဆောင်ရွက်သူရုံးနှင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လုပ်ကိုင်နေသော ကုလသမဂ္ဂအဖွဲ့အစည်းများ)***

- မြန်မာအစိုးနှင့်ရော KIO ထိန်းချုပ်ဒေသများတွင်ပါ ဤအလုပ်၌ အတွေ့အကြုံရှိသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကို ထောက်ပံ့ပေးခြင်းအားဖြင့် လူကုန်ကူးခံရသူများအတွက် တိုးမြှင့်ပေးထားသည့် ဝန်ဆောင်မှုများကို ပံ့ပိုးရန်။
- ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ ပဋိပက္ခကြောင့် ထိခိုက်ခံရသော နေရပ်စွန့်ခွာခဲ့ရသူများနှင့် အခြားသူများအတွက် အသက်မွေးဝမ်းကျောင်းမှုများ ဖွံ့ဖြိုးတိုးတက်စေသည့် စီမံကိန်းများကို ပံ့ပိုးရန်။
- မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ခရီးသွားသည့် အလုပ်သမားများအား ၎င်းတို့၏ဆွေမျိုးများနှင့် ပြောဆိုဆက်သွယ်  စေပြီး ၎င်းတို့လူကုန်ကူးခံနေရပါက သတိပေးအချက်ပြစေသည့် အကာအကွယ်ပေးသော စနစ်တစ်ရပ်ချမှတ်၍ တရုတ်နိုင်ငံအစိုးရနှင့် အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအစိုးရနှင့် KIO တို့အား ကူညီပံ့ပိုးရန်။
- လူကုန်ကူးသူများဟု သံသယရှိသူများကို စောင့်ကြည့်သည့်စာရင်းတစ်ခု ထားရှိထိန်းသိမ်းရာတွင် လည်းကောင်း၊ "ဇနီးမယား" အဖြစ် ရောင်းစားရန် လူကုန်ကူးသည့်ကိစ္စများအပေါ် အချက်အလက်များကို ပူးပေါင်းခြေရာခံရာတွင်လည်းကောင်း မြန်မာအစိုးရ၊ တရုတ်အစိုးရနှင့် KIO တို့ကို ကူညီပံ့ပိုးရန်။
- COMMIT နှင့် "လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာ" တို့အား ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်အောင်ပံ့ပိုးခြင်းနှင့် အဆင့်မြင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကုလသမဂ္ဂ နိုင်ငံတကာစာချုပ်  ပြန်လည်သုံးသပ်ရေး လုပ်ငန်းစဉ်များနှင့် အမေရိကန်ပြည်ထောင်စု လူကုန်ကူးမှု နှစ်စဉ်အစီရင်ခံစာတို့ကဲ့သို့သော

ယန္တရားများအားဖြင့် "ဇနီးမယား" အဖြစ်ရောင်းစားရန်လူကုန်ကူးမှု အဆုံးသတ်ရေး ပိုမိုကြိုးပမ်းရန်အတွက် မြန်မာနှင့်တရုတ်အစိုးရတို့အား ဖိအားပေးရန်။

- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့ရှိ အန္တရာယ်ကျရောက်ရန် အလားအလာရှိနေသူများအား လူသားချင်းစာနာထောက်ထားမှု ကူညီပံ့ပိုးမှုများ ပေးပို့ရာတွင် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရေး အတွက်  မြန်မာနိုင်ငံအစိုးရ၊ တပ်မတော်နှင့် တရုတ်အစိုးရတို့အား တိုက်တွန်းရန်။
- မြန်မာအစိုးရ၊ တရုတ်အစိုးရနှင့် KIO တို့အား ဤအစီရင်ခံစာရှိ အကြံပြုချက်များကို တာဝန်ယူဆောင်ရွက်ရေး တိုက်တွန်းရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် ၎င်းတို့အား ကူညီပံ့ပိုးရန်။



မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်ရှိ ပြည်တွင်း နေရပ်စွန့်ခွာခဲ့ရသူများအတွက် ဘုရားကျောင်းမှ ပြုလုပ်ပေးထားသည့် စခန်းတစ်ခု၊ မြန်မာနိုင်ငံ၏ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့ရှိ တိုက်ပွဲများကြောင့် လူပေါင်းတစ်သိန်းကျော် ပြည်တွင်း နေရပ်စွန့်ခွာခဲ့ရသူ တစ်သိန်းကျော်ရှိသည်။ ဆယ်စုနှစ်များစွာ အပစ်အခတ်ရပ်စဲရေး လက်နက်ချရေးဆိုင်ရာ ၂၀၁၁ ခုနှစ်တွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာကတည်းက အများအပြား နေအိမ်မှ စွန့်ခွာခဲ့ရသည်။ ထိုစခန်းများတွင် အလုပ်အကိုင် နည်းပါးပြီး မိသားစုများကို ကျွေးမွေးရန် ရုန်းကန်နေကြရသည်။

© ၂၀၁၈ ခုနှစ် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့

မိတ်ဆွေတစ်ဦး၏မိခင်မှ လုပ်ကောင်းမည့် ကလေးထိန်းအလုပ်ရမည်ဟု ကတိပေးပြီးနောက် တရုတ်နိုင်ငံရှိ မိသားတစ်စုအား "သတို့သမီး" အဖြစ် ရောင်းချကာ အသက် ၁၇ နှစ် အရွယ်၌ လူကုန်ကူးခံရသော အမျိုးသမီးငယ်တစ်ဦး။ ဝယ်ပြီးသည်နှင့် ၎င်းအား အချုပ်ချထားပြီး လိင်ပိုင်းဆိုင်ရာ ကျွန်ပြုခဲ့သော်လည်း လအနည်းကြာပြီးနောက် ထွက်ပြေးလွတ်မြောက်နိုင်ကာ မြန်မာနိုင်ငံရှိ အိမ်သို့ပြန်လာနိုင်ခဲ့သည်။

© ၂၀၁၈ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့

မြန်မာနိုင်ငံအစိုးရနှင့် တရုတ်နိုင်ငံအစိုးရတို့သည် ကချင်တိုင်းရင်းသူ အမျိုးသမီးများနှင့် မိန်းကလေးများအား တရုတ်နိုင်ငံ ရှိမိသားစုများထံ "သတို့သမီးများ" အဖြစ် လူကုန်ကူးခြင်းကို ရပ်တန့်ရန် ဖျက်ကွက်ခဲ့ကြသည်။ နှစ်စဉ် ရာပေါင်းများစွာတို့ သည် အမေရိကန် $ ၃၀၀၀ မှ $ ၁၃၀၀၀ နှင့် ညီမျှသောငွေဖြင့် လိင်ပိုင်းဆိုင်ရာ ကျွန်ပြုရန် ရောင်းစားခံကြရသည်။

"ငါတို့ကို ကလေးတစ်ယောက်ပေးရင် မင်းကိုလွှတ်ပေးမယ်" တွင် လူကုန်ကူးမှုဖြစ်ပေါ်စေရန် အဓိကတွန်းအားပေးသည့် အချက်များကို မှတ်တမ်းတင်ထားသည်။ ဤအစီရင်ခံစာတွင် လူကုန်ကူးမှုရှင်သန်စေရန်ခွင့်ပြုသည့် ဥပဒေကြိုးကြပ်ရေး၏ ဖျက်ကွက်မှုများကိုလည်း မှတ်တမ်းတင်ထားသည်။ လူကုန်ကူးမှုဖျော်လွှားခဲ့ရသူ အများအပြားက ၎င်းတို့သည် မြန်မာနိုင်ငံ ကချင်ပြည်နယ်နှင့် ရှမ်းပြည်တောင်ပိုင်းတို့ရှိ တိုက်ပွဲများကြောင့် နေအိမ်စွန့်ခွာခဲ့သူများနေသည့် စခန်းများ၌ ဆိုးရွားသောဘဝများနှင့် ရင်ဆိုင်ရသောကြောင့် တရုတ်နိုင်ငံ၌ အလုပ်အကိုင်ရှာဖွေခဲ့ရကြောင်း လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့အား ပြောပြခဲ့သည်။ တရုတ်နိုင်ငံတွင် မိသားစု အများအပြားသည် ၁၉၇၉ ခုနှစ်မှ ၂၀၁၅ အထိ ၎င်းနိုင်ငံရှိ "တစ်အိမ်ထောင် ကလေးတစ်ယောက် မူဝါဒ" ကြောင့် ပိုမိုဆိုးရွားခဲ့သည့် နိုင်ငံ၏အမျိုးသားဦးရေနှင့် အမျိုးသမီးဦးရေ ကွာခြားချက်ကြောင့် ၎င်းတို့၏ သားများအတွက် သတို့သမီးများ ရှာတွေ့ရန် ရုန်းကန်နေကြသည်။

လူကုန်ကူးမှုဖျော်လွှားခဲ့ရသူများက ၎င်းတို့အား မိသားစုဝင်များအပါအဝင် စိတ်ချရသူများက တရုတ်နိုင်ငံတွင် အလုပ် အကိုင်ရမည်ဟု ကတိပေးပြီးရောင်းစားခဲ့သည်ဟု ပြောကြ၏။ ဝယ်ပြီးသည်နှင့် ပုံမှန်အားဖြင့် အခန်းတစ်ခန်းတွင် သော့ခတ်ခံရ၍ အကြိမ်ကြိမ် မုဒိမ်းကျင့်ခံခဲ့ကြရ၏။ တရုတ်မိသားစုများသည် "သတို့သမီး"နှင့်စာလျှင် ကလေးအပေါ် ပို၍စိတ်ဝင်စားလေ့ရှိသည်ဟု ဒုက္ခဖျော်လွှားခဲ့သူများက ပြော၏။ ကလေးမွေးပြီးနောက် တစ်ခါတစ်ရံတွင် ထွက်ပြေး လွတ်မြောက်နိုင်ကြသော်လည်း သာမန်အားဖြင့် ၎င်းတို့၏ကလေးကို နောင်ပြန်တွေ့ရန် မျှော်လင့်ချက် သိပ်မရှိဘဲ ထားခဲ့ကြရ၏။ မြန်မာနိုင်ငံ ပြန်ရောက်သည့်အခါ ဤဒုက္ခဖျော်လွှားခဲ့ကြသူများသည် ဝန်ဆောင်မှုများ ရယူနိုင်ခြင်း နည်းပါးကာ ၎င်းတို့၏ ဘဝများကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းစဉ် အသရေဖျက်မှုများနှင့် ရုန်းကန်ကြရသည်။

နယ်စပ်တစ်ဘက်တစ်ချက်ရှိ ဥပဒေကြိုးကြပ်ရေးအရာရှိများသည် လူကုန်ကူးမှုအဆုံးသတ်ရန် ကြိုးပမ်းမှု အနည်းငယ်သာ လုပ်ခဲ့ကြသည်။ မြန်မာနှင့်တရုတ်နိုင်ငံအစိုးရများနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့အစည်းတို့သည် လူကုန်ကူးမှု တားဆီးရေး၊ ဒုက္ခခံရသူများ ပြန်လည်ရရှိရေးနှင့် အထောက်အကူပေးရေးနှင့် လူကုန်ကူးသူများအား အရေးယူရေးအတွက် ပိုမိုဆောင်ရွက်သင့်သည်။ အလှူရှင်များသည် ဒုက္ခခံရသူများကို ထောက်ပံ့သည့်အဖွဲ့အစည်းများကို ပံ့ပိုးသင့်သည်။

**hrw.org**